## (၁၀၆) ဒီလိုဆိုရင်

ခင်ပွန်းဖြစ်သူသည် ခါတိုင်းလိုပင် အရက်မူးပြီး အိမ်ပြန်လာသည်။ မိန်းမဖြစ်သူက ယောက်ျားအား နားရွက်ကိုလိမ်ဆွဲပြီးမေး၏။

"ပြောစမ်း၊ ရှင်နောက်ကိုသောက်ဦးမလား"

ယောက်ျားကဘာမှပြန်မပြောဘဲနေသဖြင့် မိန်းမက နားရွက်ကို ဘယ်ညာစုံကိုင်၍ လိမ်ဆွဲပြီးမေးပြန်သည်။

"ပြောစမ်း...နောက်သောက်ဦးမလား။ မဖြေဘူးလား။ ကဲ.. ကဲပြောစမ်း၊ ရှင့်ကိုကျွန်မမေးနေတယ်လေ၊ နောက်သောက်ဦးမလား ဖြေစမ်း"

မရမကမေးသဖြင့် ယောက်ျားက စိတ်မပါတပါနှင့်ဖြေ၏။

"ကဲ...ဒါဆိုရင်လည်း ငှဲ့ကွာ"

သောင်းပြောင်းထွေလာရယ်စရာ၊ နိုဝင်ဘာ၊ ၂၀၀၇

